
## ဆေးပုလဲ

Scientific name - *Euphorbia heterophylla* L.

Common name - Wild poinsettia

Family - Euphorbiaceae






အပင်ပုံသဏ္ဌာန်

တစ်နှစ်ခံပင်ပျော့ဖြစ်၍ ထောင်မတ်ပြီး ပတ်ဝန်းကျင်အခြေအနေပေါ်မူတည်၍ ၂၀ - ၂၀၀ စင်တီမီတာအထိမြင့်သည်။ ပင်စည်သည် ထုလုံးပုံရှိပြီး အနည်းငယ်ကိုင်းဖြာ၍ အမွေးအနည်းငယ် သို့မဟုတ် အမွေးမပါပါ။ အရွက်သည် ဘဲဥပုံ သို့မဟုတ် လှံသွားပုံရှိပြီး ရွက်ဆိုင်ထွက်သည်။ ပင်စည်နှင့် အရွက်နှစ်မျိုးစလုံးမှ နို့နှစ်ရောင်အစေးများထွက်သည်။ အရွက် ပုံသဏ္ဌာန်ပေါ် မူတည်၍ မျိုးစိတ်များ၏ ပြင်ပရုပ်သွင်ပြင်ကွဲပြားသည်။ ပန်းခိုင်သည် အစုလိုက်ထိပ်မှထွက်ပြီး အဖိုပွင့်များစွာပါရှိပြီး အမပွင့်သည် ပွင့်ချပ်ပွင့်ဖတ်များမပါရှိပါ။ အသီးသည် သုံးမြွှာပါသော စိမ်းဝါရောင်အတောင့်ဖြစ်ပြီး တစ်မြွှာတွင် တစ်စေ့သာပါရှိသည်။ အစေ့သည် အညိုရင့်ရောင်မှအနက်ရောင်ရှိသည်။ အစေ့အားဖြင့် မျိုးပွားသည်။